

ရေတွင်းကုန်းကျေးရွာအုပ်စုမဟာမြို့ငြိုးကျေးရွာ

ကျိုက်မရောမြို့နယ်

မွန်ပြည်နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မဟာမြို့ငြိုးကျေးရွာ၊ ကျိုက်မရောမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ ———————— လ

Scanned by CamScanner

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	မဟာမြိုင်ကျေးရွာ သယံဇာတပြမြေပုံ၊ ကျိုက်မရောမြို့နယ်	၅
	ရာသီခွင်ပြ ပြက္ခဒိန်	၆
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၇
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၇
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၇
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၈
	(က) သီးနှံ စိုက်ပျိုးရေး	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၀
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၁၁
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၁
	(ခ) ကျေးရွာ မီးလင်းရေး	၁၁
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၁
၆။	ပညာရေး	၁၂
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	၁၂
၈။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၃
၉။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၄
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၅
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၈
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၆
	နောက်ဆက်တွဲ(၄) ကျေးရွာ၏ ဦးစားပေးစီမံချက်(လုပ်ငန်း) အမှတ်ပေးဇယား	၅၈
	နောက်ဆက်တွဲ(၅)မဟာမြိုင်ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ	၅၉
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ ပုံစံ	၆၀

Scanned by CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၉/၂၀၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါ သည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူကောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ

Scanned by CamScanner

ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

မေလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


မဟာမြိုင်ကျေးရွာ

ကျိုက်မရောမြို့နယ်

Scanned by CamScanner

ഗവൺമെന്റ് ഹൈസ്കൂൾ, കുന്നുമ്മൽ

Scanned by CamScanner



Scanned by CamScanner

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မဟာမြိုင်ကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ် ၏ ရေတွင်းကုန်းကျေးရွာအုပ်စုတွင် ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် ခနောင်ကျေးရွာ ၊ အနောက်ဘက်တွင် တနသံ်ရီတောင်တန်း၊ တောင်ဘက်တွင် ရဲတပ်ရင်းစခန်း၊ မြောက်ဘက်တွင် အိစိုးနဲကုန်း ရှိပါသည်။ ကျေးရွာတွင် မွတ်စလင် တိုင်းရင်းသားအများစုနေထိုင်ကြပြီး ဗမာလူမျိုးများမှာ အနည်းစု နေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

မဟာမြိုင်ကျေးရွာတွင် ကျေးရွာ၏ ရာသီဥတုမှာ ပူအိုက်စိုစွတ်သော ရာသီဥတုဖြစ်ပြီး အပူအအေး မျှတမှုမရှိသော ရာသီဥတုဖြစ်သည်။ လယ်မြေ (၁၄၆) ဧက၊ ဥယျာဉ်ခြံမြေ (၁၈၉၁) ဧက နှင့် စားကျက်မြေ(၃၃.၀၈)ဧကတို့ရှိပါသည်။ ဥယျာဉ် ခြံမြေများတွင် ကြက်မောက် ပင်၊ ကွဲကောပင်နှင့် အခြားရာသီပေါ်သီးနှံများ စိုက်ပျိုးကြပါသည်။ လယ်မြေများတွင် စပါး၊ မြေပဲ၊ နှမ်း စသည့်သီးနှံများစိုက်ပျိုးကြပါသည်။ အိမ်ခြံမြေများတွင်လည်း စိုက်ပျိုးပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မဟာမြိုင်ကျေးရွာတွင်းရှိ လုထုအခြေပြုအဖွဲ့အစည်းများတွင်မဟာမြိုင်ကျေးရွာ ပရဟိတ လူငယ်တစ်ဖွဲ့ရှိပြီး ဝါဆောင်ဥပုဒ်လနှင့် အလှူအတန်းပွဲတော်လများတွင် ဝိုင်းဝန်းကူညီလုပ်ကိုင်ကြပါသည်။ မဟာမြိုင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာပြင်ပ အဖွဲ့အစည်းများ မရှိပါ။ မဟာမြိုင်ကျေးရွာတွင် အုပ်ချုပ်ရေး၊ ဘာသာရေးနှင့်ယဉ်ကျေးမှုနှင့် လယ်သမားအဖွဲ့တို့ရှိပြီး ကျေးရွာ၏ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင် ကြပါသည်။ကျေးရွာတွင် ငွေကြေးနှင့် လုံခြုံရေး၊ ကာကွယ်ရေး ဆိုင်ရာအခက်အခဲများတွင် ကျေးရွာမှ တက် အားသရွေ့ စုပေါင်းကူညီကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လည် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ပေးပါသည်။ ကျေးရွာအမျိုးသမီး ရေးရာအဖွဲ့ အစည်း များဖြစ်သောဌက်ဖျားရောဂါတိုက်ဖျက်ရေးနှင့် အခြားကျန်းမာရေး ပတ်သက်သော ကဏ္ဍများတွင် ဆေးဝါးများပံ့ပိုးကူညီစေခဲ့ပါသည်။ ကျေးရွာကျန်းမာရေးဌာနများကလည်း ကလေးသူငယ် များကို ပိုလီယိုရောဂါ ကာကွယ်ဆေး တိုက်ကျွေးခြင်းနှင့် အခြား ကျန်းမာ ရေးတိုက်ဆေး ကူညီပေးပါသည်။

Scanned by CamScanner

၄။ စီးပွားရေးနှင့် မွေးမြူမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

မဟာမြိုင်ကျေးရွာတွင် ၁၂.၅ ဧကအထက်ပိုင်ဆိုင်သည့် တောင်သူကြီး အိမ်ထောင်စု (၁၁)စုရှိပါသည်။ ကျေးရွာတွင် ရဲဆင်းသားတောင်သူ(၂၀၀)အိမ်ထောင်စု၊တောင်သူငယ် (၄၀)အိမ်ထောင်စု၊ တောင်သူ လတ်(၁၁)အိမ်ထောင်စု တောင်သူကြီး(၁၁)အိမ်ထောင်စု ရှိပါသည်။မဟာမြိုင်ကျေးရွာ၏ စိုက်ပျိုးရေးတွင် မိုးရေနှင့် နွေစပါးအား ချောင်း၊ ရေသွင်း မြောင်းများအား အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ လယ်ဧကများသည် မိုးတွင်းအခါ တစ်ခါတစ်ရံ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက စိုက်ပျိုးထား လယ်ကွင်း များရေမြှုပ်၍ လယ်သမား အနည်းငယ်အရှုံးပေါ်လေ့ရှိပါသည်။

မဟာမြိုင်ကျေးရွာသည် ဆန်စပါးကိုသာ အဓိကထား စိုက်ပျိုးပါသည်။ စပါး အထွက်နှုန်းမှာ မြေဆီမြေဩဇာမကောင်းသဖြင့် နှစ်စဉ်ပုံမှန်မရှိ ရာသီဥတု အခြေအနေပေါ် မူတည်ပြီး အထွက်နှုန်းမှာ ပျမ်းမျှအနေဖြင့် တစ်ဧကလျှင် (၃၅) တင်းခန့် ထွက်ရှိပါသည်။ ကျေးရွာတွင် မိုးအကုန် မိုးစပါး ရိတ်သိမ်းပြီးပါက ရာသီးပေါ် သီးနှံချဉ်ပေါင်၊ ကစွန်းရွက်၊ ပိန်းဥ၊ ကစွန်းဥ ၊မုန်လာဥ ၊ပဲတောင့်ရှည် စသည့် သီးနှံများစိုက်ပျိုးခြင်းနှင့် နွေစပါး စိုက်ပျိုးခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။မဟာမြိုင်ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာ များ ပိုင်ဆိုင်မှုမှာ တစ်ဦးချင်း ပိုင်ထွန်းစက်(၂)စီးနှင့် လက်တွန်းထွန်းစက်(၄)စီးရှိပါသည်။ ကျေးရွာတွင်ကျန်ရှိသော အိမ်ထောင်စု(၁၇)စုမှာ တစ်ဦးချင်းပိုင် ထွန်းစက်နှင့်လက်တွန်း ထွန်းစက်များကို ငှားရမ်းလုပ်ကိုင်ကြရပါသည်။

မဟာမြိုင်ကျေးရွာတွင် ကျပန်းလုပ်ကိုင်နေသည့် အိမ်ထောင်စု များပြားသော်လည်း အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် နည်းပညာ အားနည်းသောကြောင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါး သဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် လူဦးရေ များပြားပါသည်။ ထို့ကြောင့် လုပ်သားအင် အား ရှားပါးခြင်း အခက်အခဲကို ကြုံတွေ့နေရ ပါသည်။ စပါးစိုက်ပျိုးရာတွင် မိုးတွင်းအခါ ရေကြီးရေလျှံမှုနှင့် ဖျက်ပိုးရောဂါများရှိသဖြင့် ဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ လယ်ယာမြေ များတွင် အထွက်နှုန်းနည်းပါးပြီး နည်းပညာ အားနည်းသောကြောင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ လာရောက်ဝေမျှမည် ဆိုပါက စိုက်ပျိုးရေးတွင် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေး ပြည့်ဝသော ထုတ်ကုန်များ ရရှိလာနိုင်ပါမည်။ မဟာမြိုင်ကျေးရွာသည် မော်လမြိုင်မြို့နှင့်ကျိုက်မရောမြို့သို့ သွား လာရေးလွယ်ကူသောကြောင့် စိုက်ပျိုးရေး မြေဩဇာများကို အလွယ်တကူ ဝယ်ယူရ ရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်း ထွက်ကုန်များကိုလည်း ကုန်သည်၊ ပွဲစားများနှင့် ဈေးတွင် ဈေးနှုန်း မှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။ စိုက်ပျိုးရေးချေးငွေများ အားလယ်ယာစိုက်ပျိုးရေး

Scanned by CamScanner

ဘဏ်တွင် အတိုးနှုန်းသက်သက်စွာ ရရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

မဟာမြိုင်ကျေးရွာတွင် နွား/နို့စားနွား မွေးမြူသောအိမ်ထောင်စု(၄၉)စု ကောင်ရေ(၂၁၁)ကောင်၊ဆိတ်မွေးမြူသော အိမ်ထောင်စု(၃)စု ကောင်ရေ(၁၁)၊ သိုးမွေးမြူသော အိမ်ထောင်စု (၁)စု ကောင်ရေ(၁)ကောင်၊ဒေသကြက်မွေးမြူသော အိမ်ထောင်စု(၇၈)စု ကောင်ရေ(၁၂၆၇)ကောင်နှင့် ဘဲမွေးမြူသော အိမ်ထောင်စု(၄)စု ကောင်ရေ(၄၆)ကောင် တို့အား တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ ကျေးရွာသည် တူးမြောင်းနှင့်နီးသောကြောင့် ဝမ်းစာဖူလုံမျှငါး မွေးမြူခြင်းနှင့်ငါးဖမ်းခြင်း လုပ်ကိုင်စား သောက်ကြသည် အိမ်ထောင်စုများရှိပါသည်။

မဟာမြိုင်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြသဖြင့် ရေနှင့်ပတ်သက်သော အခက်အခဲများ မရှိပါ။ မော်လမြိုင်မြို့(၁၀)မိုင်ခန့်နှင့် ကျိုက်မရောမြို့ နှင့်(၃)ခန့် ကွာဝေးသောကြောင့် မျိုး တိရိစ္ဆာန်ရှိမှု၊ အစာနှင့်ဆေးများကို အလွယ်တကူရနိုင်သည့်အပြင် တိရစ္ဆာန်များကိုလည်း အိမ်ခြံ ပင်းအတွင်း မြေနေရာလုံလောက်မှု အသင့်အတင့်ရှိသဖြင့် မွေးနိုင်ခြင်း ဖြစ်ပါသည်။ ကျေးရွာတွင်တစ်ပိုင်တစ်နိုင် မွေးမြူရန်အတွက် မိတ်ဆွေ၊ဆွေမျိုးများတွင် ချေးငွေအသင့် အတင့် ရနိုင်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း များချဲ့ထွင်လုပ်ကိုင်ရန်အတွက် အရင်းအနှီးမလုံလောက်သောကြောင့် အတိုးနှုန်းသက်သာသော ချေးငွေရ ရှိရေးစီမံကိန်း လုပ်ငန်းလိုအပ်လျက်ရှိပါသည်။

မဟာမြိုင်ကျေးရွာတွင် တိရစ္ဆာန်များလွတ်လပ်စွာ အစာရှာစား နိုင်သည့် စားကျက် မြေအနည်းငယ်သာရှိပါသည်။ မွေးမြူရေးနှင့် ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ် ဆေးထိုးခြင်း ဖန်ဆောင်မှုများ ရယူရန်အတွက် မွေး/ကု ဦးစီးဌာနသို့ သွားရောက်ဆက်သွယ်ပါက လာရောက်၍ တိရိစ္ဆာန် များအား ကာကွယ်ဆေးထိုးနှံခြင်း ရောဂါအခြေအနေအရဝန်ဆောင်မှုပေးခြင်း မျိုးရှိပါသည်။ကျေးရွာတွင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ သိပညာများ လိုအပ်နေပါသည်။ကျေးရွာတွင် ငါးဖမ်းလုပ်ငန်းနှင့် ပတ်သက်၍ စီးပွားဖြစ် မွေးမြူလုပ်ကိုင် သည့် အိမ်ထောင်စုများ ပါ ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

မဟာမြိုင်ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်း

Scanned by CamScanner

ကျောင်း ဆောင်ရွက်သူသည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ မဟာမြိုင်ကျေးရွာတွင် ပြည်ပသို့ သွားရောက်လုပ်ကိုင်သော လူဦးရေမှာ ကျေးရွာ၏ သုံးပုံတစ်ပုံ ခန့်ရှိပါသည်။ အလုပ်လုပ်နိုင်သော အမျိုးသား၊ အမျိုးသမီးအများစုမှာ ပြည်ပသို့သွားရောက်၍ အလုပ်လုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေအဖြင့် ထောက်ပံ့ပေးနေမှုများ ကိုတွေ့မြင်ရပါသည်။ မိသားစုများ ပြန်လည် မှီခိုရာတွင် ပြန်ပို့ငွေအား ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)ဖြင့် လည်းကောင်း၊ ဘဏ်များဖြင့်လည်းကောင်း အိမ်ထောင်စုအနည်းငယ်မှာ လူကြုံဖြင့်လွှဲပို့ခြင်းဖြင့် လည်းကောင်း ပြန်ပို့ငွေအား မှီခိုအသုံးပြုကြရပါသည်။

မဟာမြိုင်ကျေးရွာတွင် ပြည်ပနိုင်ငံသွားရောက်လုပ်ကိုင်သည့် လူဦးရေ(၂၇၉)ဦးသည် ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း တက်မြောက်ထားသော အသက်မွေးဝမ်းကျောင်း ပညာရပ်ကျေးရွာအတွင်းလုပ်ကိုင် စားသောက်ရန်အခက်အခဲ ဖြစ်သောကြောင့် ပြည်ပနိုင်ငံ (ထိုင်း/မလေးရှား) သို့ သွားရောက်၍ လုပ်ကိုင်ကြရပါသည်။ မဟာမြိုင်ကျေးရွာတွင် ပြည်ပသို့သွားရောက် လုပ်ကိုင်ကြသောသူများသည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရှာဖွေရန်အတွက် သွားရောက်ကြခြင်းဖြစ်ပါသည်။ ထို့အတူကျေးရွာအတွင်း မိမိသက်ရောက်သောအသက်မွေးဝမ်းကျောင်း ပညာရပ်နှင့်ကိုက်ညီသော စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်ရန်ရည်ရွယ်၍ သွားရောက် လုပ်ကိုင်ကြခြင်းများလည်း ဖြစ်ပါသည်။

မဟာမြိုင်ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေကြသော အိမ်ထောင်စုများမှ မိသားစုဝင်များသည် မိမိတို့ အသက်မွေးဝမ်းကျောင်းပညာရပ်နှင့် ကိုက်ညီသည့် လုပ်ငန်းလုပ်ကိုင်ရန် ကျေးရွာတွင် ခက်ခဲလှသောကြောင့် ပြည်ပဖြစ်သော ထိုင်း၊မလေးရှား နိုင်ငံများသို့ သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောကြောင့် အိမ်ထောင်စုအနည်းငယ်မှာ မိမိတို့အသက်မွေးဝမ်းကျောင်း နှင့်ကိုက်ညီသည့် ကျေးရွာပြည်ပဖြစ်သော မော်လမြိုင်မြို့နှင့်တခြားကျေးရွာသို့ နေ့ချင်းပြန်ခရီးဖြစ်သွားရောက်၍ လုပ်ကိုင်ကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မဟာမြိုင်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများသည် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်တွင် လယ်ယာမြေပိုင်ဆိုင်မှုအထောက်အထားများပြ၍ အတိုးနှုန်းသက်သာစွာ ချေးယူရရှိသော်လည်း တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ကိုင်သော အိမ်ထောင်စုများသည်လုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်ရန် အရင်းအနှီး မလုံလောက်ပါ။ ကျေးရွာ

Scanned by CamScanner

တွင် အိမ်ထောင်စုအနည်းငယ်မှာ အရေးပေါ် ငွေလိုအပ်မှုများ ဖြစ်လာပါက နီးစပ်ရာဆွေမျိုးများထံတွင် သွားရောက်၍ကာလတို အတိုးမဲ့ချေးယူ အကူအညီ တောင်ရပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မဟာမြိုင်ကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပါသည်။ ထိုကြောင့် ကျေးရွာတွင်းလမ်း၏ (၁၀)ဖာလုံခန့်မှာ စာသင်ကျောင်းဖွင့်ချိန် မိုးတွင်းအခါတွင် ကျောင်းသား/ ကျောင်း သူများသွားလာရခက်ခဲသောကြောင့် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းခင်းပေးရန် လိုအပ်လျက်ရှိပါသည်။မဟာမြိုင်ကျေးရွာတွင် ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ မရှိပါ။ ကျေးရွာတွင်တံတား တည်ဆောက်မှုအခြေအနေ အရ ကျေးရွာ တွင် အခက်အခဲမရှိပါ။

မဟာမြိုင်ကျေးရွာသည် ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးမပြုပါ။ ကုန်းကြောင်းဖြင့်သာ သယ်ယူပို့ဆောင်မှုများ ဆောင်ရွက်ကြပါသည်။ မဟာမြိုင်ကျေးရွာတွင် သုံးဘီးဆိုင်ကယ်(၂)စီး၊ ဆိုင်ကယ်(၉၁)စီး၊ စက်ဘီး(၂၈)စီး၊ ကား(၆)စီးတို့ဖြင့် သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုနေကြပါသည်။ မဟာမြိုင်ကျေးရွာသည် ရေတွင်းကုန်းကိုယ်ပိုင်စျေးရှိပြီး မီးဖိုချောင်သုံးပစ္စည်းများ အဝတ်အထည်များ အိမ်ဆောက်ပစ္စည်းအနည်းငယ် ဝယ်ယူနိုင်ပါသည်။ ကျေးရွာသည် မော်လမြိုင်မြို့နှင့် (၁၀) မိုင်ကျော် ကွာဝေးသော်လည်း သွားလာရေးလွယ်ကူပြီး ဝန်ဆောင်မှုအစုံ ပစ္စည်းစုံရယူရန် အတွက် မော်လ မြိုင်မြို့ မစျေးသို့ သွားရောက်ရပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

မဟာမြိုင်ကျေးရွာတွင် အိမ်ထောင်စု(၂၇၇)စုတို့သည် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး သုံးစွဲကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

မဟာမြိုင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၃၀၂)လုံး၊ ရေဒီယို(၁၈)လုံး၊ တီဗွီ(၉၂)လုံး၊ဂြိုလ်တု စလောင်း(၂၈)လုံးစသည်တို့မှ ရရှိပါသည်။ ဆက်သွယ်ရေးအနေဖြင့် ကျေးရွာတွင် ဖုန်းတာဝါတိုင် တစ်ခုရှိပါသည်။ ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ ရယူသုံးစွဲမှု အခြေအနေတွင် အခက်အခဲမရှိပါ။

၆။ ပညာရေး

Scanned by CamScanner

မဟာမြိုင်ကျေးရွာ ရေတွင်ကုန်းကျေးရွာအုပ်စုတွင် အထက်တန်းကျောင်း (၁)ကျောင်းရှိပါသည်။ကျေးရွာတွင် ကျောင်းသား /ကျောင်းသူ များအနေဖြင့် အခြေခံ ပညာအထက်တန်း အထိပညာ သင်ကြားရာတွင် အခက်အခဲမရှိပါ။ ကျေးရွာတွင် မူလတန်း အဆင့် စာတတ်မြောက်သော ဦးရေများပြား သည်ကို လေ့လာတွေ့ရှိရသဖြင့် အလယ်တန်း နှင့်အထက်တန်းပညာ ဆက်လက်ပညာသင်ကြားသည့် အခြေအနေမှာ နည်းပါးသွား ပါသည်။ကျေးရွာတွင် တက္ကသိုလ်/ ကောလိပ် တက်ရောက်နေသော ကျောင်းသူ(၁၀)ဦး သာရှိပါသည်။မဟာမြိုင်ကျေးရွာတွင် ရေတွင်းကုန်းကျေးရွာအုပ်စု ကျေးရွာအထက်တန်း ကျောင်း(၁)ရှိပြီး စာသင်ကြားရာတွင် ဆရာမ(၁၃)ဦး ရှိပါသည်။ ကျေးရွာတွင် စာသင်ကြား ရာတွင် ကျောင်းသုံး ပရိဘောဂမလုံလောက်မှုကြောင့် အနည်းငယ်အခက်အခဲရှိပါသည်။

မဟာမြိုင်ကျေးရွာတွင် ရေတွင်းကုန်းကျေးရွာအုပ်စု အထက်တန်းကျောင်း(၁) ပညာရေးအခြေအနေတွင် ဘာသာရပ်ပြဆရာ/ဆရာမများသည် တစ်ဦးလျှင် ဘာသာရပ်(၂) ရပ်နှုန်းဖြင့် ပညာသင်ကြားနေရသောကြောင့် ကျောင်းဆရာ/ဆရာမ လုံလောက်မှုမရှိပါ၊ အထက်တန်းပညာရေးတွင် အနည်းငယ်အခက်အခဲရှိပါသည်။ မဟာမြိုင်ကျေးရွာတွင် စာမတတ်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။

မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၅၉၄)ဦး အထိ များပြား ခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၂၃၁)ဦး၊ အထက်တန်း အဆင့်စာ တတ်မြောက်သူများမှာ (၆၅)ဦး နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၂၀)ဦး ရှိပါသည်။ကျေးရွာတွင် မူလတန်းအဆင့် စာတတ်မြောက်သော ဦးရေများပြားသည်ကို လေ့လာတွေ့ရှိရသဖြင့် အလယ်တန်းနှင့် အထက်တန်းပညာ ဆက်လက်ပညာသင်ကြားသည့် အခြေအနေမှာ နည်းပါးသွားပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

မဟာမြိုင်ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျောရောဂါ၊ သွေးလွန်တုပ်ကွေး ရောဂါ နှင့်ငှက်ဖျားရောဂါများသည် မိုးရာသီတွင် အဖြစ်များသော်လည်း ရေတွင်းကုန်းကျေးလက် ကျန်းမာရေး ဌာနခွဲ၊ ကျိုက်မရောမြို့နယ်ဆေးရုံနှင့် နီးစပ်ရာ ဆေးကုသခန်းသို့ သွားရောက် ကုသကြသဖြင့် သက်သာပျောက် ကင်းကြပါသည်။ ကျေးရွာတွင် ရေးပေါ်အခြေအနေတွင် ပရဟိတအဖွဲ့မှ အရေးပေါ်ကားဖြင့် လာရောက် ကူညီဆောင်ရွက်ပေးပါသည်။ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါသည်။

ရေတွင်းကုန်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ခလေးငယ်များကို ကာကွယ်ဆေးများ နှစ်စဉ်လာရောက် တိုက်ကြွေးကြပါသည်။ ထိုအပြင်ကျေးရွာတွင် အဆုတ် ရောဂါခံစား နေရသောသူ အနည်းငယ်ရှိပါသည်။ တစ်ခါတစ်ရံကျန်းမာရေး ပညာပေး

Scanned by CamScanner

အစီအစဉ်များလည်း ရှိပါသည်။မဟာမြိုင်ကျေးရွာတွင် ရေတွင်းကုန်းကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေး ဌာနခွဲရှိသည့် အပြင်ကျေးရွာ ပြင်ပမှလာရောက်ဖွင့်လှစ်ထားသည့် ကျေးလက်ကျန်းမာရေးဆေးပေးခန်း နှင့်ဆေးကုသဆောင်ရှိသည့် အပြင် ဆေးဝါးအလုံ အလောက် ရှိပါသည်။ ကျေးရွာသည် မော်လမြိုင်မြို့ နှင့်ကျိုက်မရောမြို့မသို့ သွားလာ ရလွယ်ကူသောကြောင့် အရေးပေါ်အခြေအနေတွင် မော်လမြိုင်ဆေးရုံကြီး သို့ ပို့ဆောင်ပေး နိုင်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်သည့် အခက်အခဲများ မရပါ ။

မဟာမြိုင်ကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းကိုသာ အဓိကထား အသုံးပြုလျှက် ရှိပါသည်။ မိုးရာသီနှင့်ဆောင်းရာသီများတွင် သုံးစွဲရန်ရေလုံလောက်မှု ရှိသော်လည်း နွေရာသီ တွင် နှစ်စဉ်ရေရှားပါမှုနှင့် ကြုံတွေ့နေရာပါသည်။ ကျေးရွာတွင်း သောက်သုံးရေလုံလောက်စေရန် စက်ရေ တွင်းတစ်တွင်းနှင့် စင်မြင့်ရေစင်တည်ဆောက်ရန် လိုအပ်လျှက် ရှိပါသည်။

မဟာမြိုင်ကျေးရွာတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးအနေဖြင့် သန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စု (၂၇၇)စုလုံး ကျန်းမာရေး အသိပညာရှိစွာ အသုံးပြုကြပါသည်။ထိုအပြင် စွန့်ပစ်အမှိုက်များအား ကျေးရွာမှ သီသန့် စွန့်ပစ်ရန် နေရာသတ်မှတ်ထားခြင်းမျိုးမရှိသော လည်းမိမိအိမ်ပတ်ဝန်းကျင် အတွင်းရှိစွန့် ပစ်အမှိုက်များအား သိမ်းကြုံ၍ မီးရှို့ဖျက်ဆီးကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

မဟာမြိုင်ကျေးရွာတွင် သဘာဝဘေးအန္တရာယ် ဆိုးရွားသည့် အခြေအနေ မျိုးမရှိပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီ ရာသီပေါ် တုပ်ကွေး ဖျားနာခြင်း၊ ငှက်ဖျားရောဂါ ဖြစ်ပွားခြင်း၊ ဝမ်းပျက်ဝမ်းလျောရောဂါဖြစ်ပွားခြင်း အနည်းငယ် ရှိပါသည်။ ကျေးရွာသူ/ သားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများ မရှိပါ။ ရာသီကူး ပြောင်းမှုများတွင် ခွာနာ၊ လျှာနာရောဂါစသည့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွား လေ့ရှိပြီး ကြက်နာ ရောဂါများ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။

မဟာမြိုင်ကျေးရွာသည် ခြောက်သွေ့သော နွေရာသီနှင့် ဆောင်ရာသီတို့ တွင် မီးဘေးအန္တရာယ် အထူးဂရုပြု၍ မီးသတ်အဖွဲ့မှ လျှပ်စစ်မီးသုံးစွဲရာတွင် လည်းကောင်း မီးဖိုမီး၊ထင်းမီးနှင့် အမှိုက်မီးတို့အား ဂရုစိုက်ရန် ဆော်ဩလှုပ်ဆော်ကြပါသည်။ကျေးရွာတွင် ရေကြီးရေနစ်မြှုပ်မှု အန္တရာယ်များအနေဖြင့် ကျေးရွာသူ/ရွာသားများမှာ ထိခိုက်ခံစားမှု မရှိကြပါ။ မဟာမြိုင်ကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် အခက်အခဲမရှိပါ။ မဟာမြိုင်

Scanned by CamScanner

ကျေးရွာတွင်ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

မဟာမြိုင်ကျေးရွာတွင် ပြည်ပမှပြန်လာ၍ လုပ်ကိုင်ရှာဖွေ၍ စားသောက်ကြသော အိမ်ထောင်စုအနည်းငယ်မှာ စီးပွားရေးအနေဖြင့် ထိခိုက်သက်ရောက် လွယ်မှုမှာနိမ့်လျက်ရှိပါသည်။ ကျေးရွာတွင် ကားမောင်းပြီး အသက်မွေးသော အိမ်ထောင်စု(၆)စုရှိပြီး ထိခိုက်သက်ရောက်လွယ်မှု အခြေ အနအရ မြင့်မားလျက်ရှိပါသည်။မဟာမြိုင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအား မိုးရေးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ကျေးရွာသည် မော်လမြိုင်-ကျိုက်မရော ကားလမ်း၏ဘေးတွင် တည်ရှိသောကြောင့် လမ်းပန်းဆက်သွားရေးအနေဖြင့် သွားလာရလွယ်ကူစေပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

မဟာမြိုင်ကျေးရွာအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုအဝိုင်းတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်မှု အခြေအနေများတွင် အမျိုးသမီးများပါဝင် လှုပ်ရှားမှုအားနည်းလျက်ရှိသည် ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် အမျိုးသမီး အကြမ်းဖက်မှုများ မရှိပါ။ သို့သော် အကြမ်းဖက်မှုဆိုင်ရာ ပညာပေးမှာ အားနည်း လျက်ရှိသည်။ ကျေးရွာတွင် IOM အဖွဲ့ဝင် အမျိုးသမီးတစ်ဦးရှိပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း၊လူမှုရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်တက်ကြွကြွပါဝင် လှုပ်ရှားကြသည်ကို လေ့လာတွေ့ရှိရပါသည်။ကျေးရွာတွင် မိသားစုဦးရေများသော အိမ်ထောင်စုများအား ဘာသာရေးအသင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက တစ်ခါတစ်ရံ လိုအပ်သည်များ လာရောက်ကူညီဆောင်ရွက်ပေးသည်ကို လေ့လာတွေ့ရှိရပါသည်။

Scanned by CamScanner

ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် -မဟာမြို့ငှ			ကျေးရွာအမည် -မဟာမြို့ငှ	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	အခြေခံအဆောက်အဦ	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	ကျေးရွာတွင် လမ်း (၅၄၅' x၁၂' x၆") အား ကွန်ကရစ်ခင်းခြင်း လုပ်ငန်း	
၂။	နိုက်ပျိုးရေး	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန်	နိုက်ပျိုးရေရှိရေးအတွက် ချောင်းရိုးဟောင်းအား တူးမြောင်းတူးဖော်ခြင်း လုပ်ငန်း ရေထိန်းတံခါး တည်ဆောက်ပေးရန်	
၃။	အခြေခံအဆောက်အဦ	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	ကျေးရွာတွင်းလမ်းတွင် ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်း	
၄။	ငွေကြေး	လူထုအခြေပြု	အရင်းအနှီးချေးငွေရရှိရေး လုပ်ငန်း (မြစိမ်းရောင်ကျေးရွာစီးမံကိန်း)	
၅။	ကျန်းမာရေး	ကျန်းမားရေးကဏ္ဍ တိုးတက်စေရန်	မူယာစ်ဆေးဝါ ပယောက်ရေး အသိပညာပေးဟောပြောပွဲ	

Scanned by CamScanner

နောက်ဆက်တွဲ(၁)မဟာမြို့ကြီးရွာဖွံ့ဖြိုးရေးကော်မတီများ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဟာမိန်	ဦးဒုရ်မွာက်	၁၀/ကမရ(နိုင်)၀၇၂၄၇၂	၄၇	နာယက	၀၉-၇၉၆၀၈၅၃၄၁
၂	ဦးမိုတင်(မ်)	ဦး	KMW-၁၃၀၈၅၇		ဥက္ကဋ္ဌ	၀၉-
၃	ဦးအဒူမာဘွတ်	ဦး	KMW-၁၁၄၀၈၃		အတွင်းရေးမှူး	၀၉-
၄	ဦးရဲမြင့်	ဦး			စာရင်းစစ်	၀၉-
၅	ဦးအာဘူလ်ကာဆင်	ဦး	၁၀/ကမရ(နိုင်)၀၆၁၈၃၃		သော့ကိုင်	၀၉-
၆	နာဂျင်(မ်)	ဦး	၁၀/ကမရ(နိုင်)၀၆၂၇၀၀		ဒွေထိန်	၀၉-
၇	အဒူရာဟင်	ဦး			အဖွဲ့ဝင်	၀၉-
၈	ဦးနိုင်ဝင်း	ဦး	KMW-၁၀၈၂၂၅		အဖွဲ့ဝင်	၀၉-
၉	ဒေါ်ဂေါ်လာဇန်း	ဦး			အဖွဲ့ဝင်	၀၉-
၁၀	မချိုချိုခိုင်	ဦး	၁၀/ကမရ(နိုင်)၁၇၈၁၄၉		အဖွဲ့ဝင်	၀၉-
၁၁	မဖြူဖြူဝင်း	ဦး			အဖွဲ့ဝင်	၀၉-

Scanned by CamScanner

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁၂	မစန္ဒာအောင်	ဦး			အဖွဲ့ဝင်	၀၉-
၁၃	မနီလာထွန်း	ဦး			အဖွဲ့ဝင်	၀၉-

Scanned by CamScanner

နောက်ဆက်တွဲ(၁)မဟာမြို့ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃၁	၁၉	၅၀
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၄၂	၄၈	၉၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၉၀	၈၅	၁၇၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၈၇	၉၁	၁၇၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၆၂၅	၇၀၉	၁၃၃၄
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၁၀	၁၂၂	၂၃၂
စုစုပေါင်း		၉၈၅	၁၀၇၄	၂၀၅၄
စုစုပေါင်း အိမ်ထောင်စု		၂၇၇		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။မဟာမြို့ကျေးရွာတွင် အိမ်ထောင်စု (၂၇၇) စု၊ လူဦးရေ (၂၀၅၄) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၅၀)ဦး၊ ၅ နှစ်အောက် ကလေးအရွယ် (၉၀)ဦး ၊ မူလတန်းကျောင်းသားအရွယ် (၁၇၅)ဦး ၊ အလယ်တန်း ကျောင်းသား အရွယ် (၁၇၈)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် (၁၃၃၄)ဦး၊ သက်ကြီးရွယ်ကြီးအရွယ် (၂၃၂)ဦး ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေ (၇၂၀)ဦး နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၆၂၅) ဦး၊ မ (၇၀၉) ဦး စုစုပေါင်း (၁၃၃၄) ဦး ရှိပါသည်။ ထို့ကြောင့်မဟာမြို့ကျေးရွာအတွင်း အလုပ် လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၂၃	၂၉	-	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း	၃၂	၃၂	–	မြင့် ☑ လတ် ☐ နိမ့် ☐

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ကာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
၃	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
	သစ်တောလုပ်ငန်း				
၄	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
	ထုတ်ကုန်လုပ်ငန်း				
၆	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၇	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
၈	ကိုယ်ပိုင် လုပ်ငန်း	-	-	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	–	မြင့် □လတ် □နိမ့် □
	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
၉	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
၁၀	ကိုယ်ပိုင် လုပ်ငန်း	-	-	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
	လက်လီ-လက်ကား ရောင်းဝယ်ရေး				
၁၁	ကိုယ်ပိုင် လုပ်ငန်း	၁၀	၃၄	–	မြင့် ☑လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □ နိမ့် □
	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၁၂	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
၁၃	ကိုယ်ပိုင် လုပ်ငန်း	၆	၆	–	မြင့် ☑လတ် □နိမ့် □

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□ နိမ့်□
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း	၄	၄	–	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	–	မြင့်□လတ် □ နိမ့်□
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း	-	-	–	မြင့် □ လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ□
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၂၀၂	၂၅၀	–	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	–	မြင့်□လတ်□နိမ့် □
	စုစုပေါင်း	၂၇၇	၃၅၅	–	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ

Scanned by CamScanner

၏ "ကိုယ်ပိုင်လုပ်ငန်း"တွင်ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။မဟာမြို့ငယ်ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်သည့် အိမ်ထောင်စု (၂၃)စုရှိပြီး တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖွင့်သည့် အိမ်ထောင်စု(၁၀)စု ရှိပါသည်။ ကျေးရွာတွင်ပို့ဆောင်ရေး လုပ်ငန်းတွင် ကားမောင်းပြီးအသက်မွေးသော အိမ်ထောင်စု(၆)စု၊(၆) ဦး ရှိပြီး ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုမှာ များပြားလှပါသည်။ အိမ်နီးချင်းနိုင်ငံများတွင် သွားရောက် လုပ်ကိုင်သည့် ဦးရေများပြား ပါသည်။ စီးပွားဖြစ် နွား၊အသားတိုး/ဥစားကြက် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု(၃၂)စုနှင့် အချို့သော အိမ်ထောင်စုများမှာ တစ်ပိုင်တစ်နိုင် ဝမ်းစားဖူလုံရုံမျှသာ မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၈၀၀၀	၉၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	–	–	–	–
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	–	–	–	–
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	–	–	–	–
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	–	–	–	–
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	–	–	–	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်္ဂါနီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	–	–	–	–

ရှင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။မဟာမြို့ငယ်ကျေးရွာတွင် လုပ်ငန်းများအလိုက် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်း ကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလည်း လုပ်အားစိုက်ထုတ် နိုင်မှုအပေါ်တွင်

Scanned by CamScanner

မူတည်ပါသည်။ ကျေးရွာတွင် အခ်ိကအားဖြင့် လယ်ယာကိုသာစိုက်ပျိုးကြပြီး နေ့စားလုပ်အားခ အများဆုံး အနေဖြင့် ကျား-၁၀၀၀၀ / မ-၈၀၀၀ ရရှိပါသည်။ ကျေးရွာတွင် နေ့စား/ကျပန်းလုပ်ကိုင်သော အလုပ်သမား များ၏ လုပ်အားခမှာ ကျား/၁၀၀၀၀ မ/၆၀၀၀ နှုန်း ရရှိပါသည်။ ထိုပြင် ပြည်ပသို့ သွားရောက် လုပ်ကိုင်သူ များ၏ လုပ်ငန်းများကို မသိရှိ သောကြောင့် လုပ်အားခ ပမာဏကို မသိရှိရပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၄၆	ကောင်း ☐	သင ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၈၉၁	ကောင်း ☑	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၃၃.၀၈	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့် ☐	ညံ့ ☑
စုစုပေါင်း:	၂၀၇၀.၀၈	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။မဟာမြိုင်ကျေးရွာတွင် လယ်မြေ (၁၄၆) ဧက၊ ဥယျာဉ်ခြံမြေ (၁၈၉၁) ဧက နှင့် စားကျက်မြေ(၃၃.၀၈)ဧကတို့ရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဥယျာဉ် ခြံမြေများတွင် ကြက်မောက် ပင်၊ ကျွဲကောပင်နှင့် အခြားရာသီပေါ်သီးနှံများ စိုက်ပျိုးကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ: (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ:	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ: (နွားစာ၊ဆေးဘက်ဝင်အပင်များ:)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ:	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒

Scanned by CamScanner

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။မဟာမြိုင်ကျေးရွာတွင် ကျောက်၊ သဲ၊ မြစ်ကျောက်စရစ်များသည် ကျေးရွာ၏ အနီးပတ်ဝန်းကျင် တွင်မရှိသော်လည်း မော်လမြိုင်မြို့နှင့် (၁၀)မိုင်ခန့်ကွာဝေးသောကြောင့် အလွယ်တကူ ဝယ်ယူရရှိ အသုံးချနိုင်ပါသည်။မဟာမြိုင် ကျေးရွာတွင် ဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုး စိတ်များ ရှားပါးပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၅ဧက	၁၀ဧက	၅ဧက	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	တိုက်အိမ်	ပျဉ်ထောင်/သွပ်မိုး	ဝါးခရဲ/သွပ်မိုး	ဝါးခရဲ/ဖက်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား	ဆိုင်ကယ်	ဆိုင်ကယ်	စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	လယ်	ခြံ	မွေးမြူရေး	ဈေးရောင်း
အိမ်ထောင်စု	၅၀	၁၅၀	၅၀	၂၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။မဟာမြိုင်ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၅၀)စုရှိပြီး အဓိက အနေဖြင့် မြေဧက(၁၅)ဧကအထက်အဖြစ်ပိုင်ဆိုင်သော အိမ်ထောင်စုများဖြစ်ပါသည်။မဟာမြိုင်ကျေးရွာတွင် အလယ်အလတ်ရှိသော အိမ်ထောင်စု(၁၅၀))စုသည် ကိုယ်ပိုင်စိုက်ပျိုးရေးနှင့်လယ်ဧက(၁၀)ဧက ပိုင်ဆိုင် သော အိမ်ထောင်စုများဖြစ်ကြပါသည်။ ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စုများသည် ဈေးရောင်း အိမ်ထောင်စု၊ နေ့စား/ ကျပန်း နှင့် ဆိုင်ကယ်Taxiများဖြင့် အသက်မွေး ဝမ်းကျောင်းပြုကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် နေ့စားကျပန်း များဖြစ်ပြီး စသည့်ရာသီလိုက် ကြုံရာကျပန်း လုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စား‌နိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

Scanned by CamScanner

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = _____ လုပ်အား၊ခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အား၊ခကြိုယူ = _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အား၊ခကြိုယူ = _____

ရင်းမြစ်..ဥစ္စာနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။မဟာမြို့ကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် အခက်အခဲမရှိပါ။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	–	-	–
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	–		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	–		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	–		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မဟာမြို့ကျေးရွာတွင်ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် ဆင်းရဲ သည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☑	လတ်☐	နိမ့်☐	မရှိ☐

Scanned by CamScanner

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဌက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
